မွန်ရိုးရာ ဝါဆိုမုန့်ဖက်ထုပ်ပွဲတော် ပြုလုပ်ပြီးစီး

လွတ်လပ်သော မွန်သတင်းအေဂျင်စီ

ဇူလိုင်လ ၁၄ ရက်၊ ၂၀၀၃ ခုနှစ်။

မနေ့က ရာသီဥတုသာယာသော မိုးရာသီတွင် မွန်တမျိုးသားလုံးတို့၏ ရိုးရာဓလေ့အတိုင်း ပြုလုပ်ထားသော ဝါဆိုမုန့်ခေါ် ရိုးရာမုန့်ဖက်ထုပ်ကို ဘုန်းတော်ကြီးကျောင်းများ၊ သက်ကြီးရွယ်အိုအိမ်များနှင့် မိမိတို့ဆွေမျိုးအသိုင်းအဝိုင်းများအိမ်သို့ ပေးကမ်းလှူဒါန်းသော ရိုးရာပွဲတော်ကို ပျော်ရွှင်စွာ ပြုလုပ်ပြီးစီးခဲ့ပါသည်။

ကောက်ညှင်းဆန်မှုန့်နှင့် အထဲတွင် အုန်းယိုထည့်ထားပြီး ဌက်ပျော်ရွက်နှင့်ထုပ်ကာ ကျက်အောင်ပေါင်းထားသည့် မုန့်ဖက်ထုပ်ကို မွန်မိဘပြည်သူများသည် ခြင်းတောင်း၊ ချိုင့်၊ အိတ်နှင့်ထည့်ကာ မနက်စောစောတွင် ကြွရောက်လာသော ဆွမ်းခံသံဃာတော်များကို ဦးစွာ လောင်းလှူခဲ့ကြပါသည်။

ထို့နောက် မိမိတို့အိမ်ကဲ့သို့ မုန်ဖက်ထုပ်ပြုလုပ်သော ရပ်နီးရပ်ဝေးတွင် နေထိုင်ကြသည့် ဆွေမျိုးသိုင်းအဝိုင်းအိမ်များသို့ လမ်းလျှောက်သွား၍လည်းကောင်း၊ စက်ဘီးစီး၍လည်းကောင်း၊ လှည်းယာဥ်များဖြင့်လည်းကောင်း မိမိတို့လုပ်ထားသော မုန့်ဖက်ထုပ်ကို သွားရောက်ပေးကမ်းလှူဒါန်းခဲ့ကြပါသည်။

မိမိတို့ပြုလုပ်ထားသော မုန့်ဖက်ထုပ်ကို အချင်းချင်း ပေးကမ်းကြသည့်အတွက် စိတ်ဝင်စားဖွယ်ရာကောင်းသည့် ရာသီပွဲတော်ဖြစ်ကြောင်း ဘိုးဖွားအိမ်ကို မုန့်သွားပို့သည့် မိယဉ်စနိုင်းနှင့် အပျိုတဖွဲ့တို့က ဆိုပါသည်။

မိယဉ်စနိုင်း သူငယ်ချင်းဖြစ်သည့် မိသဇင်ကလည်း ပြုံးပြီး ''ကိုယ့်အိမ်ကလည်း မုန့်လုပ်တယ်၊ သူတို့အိမ်ကလည်း မုန့်လုပ်တယ်၊ ပြီးရင် ကိုယ်က ကိုယ့်အိမ်မှာ လုပ်တဲ့မုန့်ကို သူတို့အိမ်ကို လိုက်ပို့တယ်၊ သူတို့ကလည်း ကိုယ်တို့အိမ် ကို မုန့်လိုက်ပို့တယ်။ ကိုယ့်အိမ်လည်း မုန့်ဖက်ထုပ်လုပ်တာပဲ၊ သူ့တို့အိမ်ကလည်း မုန့်ဖက်ထုပ်လုပ်တာပဲ၊ မုန့်ဖက်ထုပ် လုပ်တာအတူတူပဲ ဘာဖြစ်လို့ လိုက်ပို့နေရတာလဲဆိုတာ တွေးလိုက်ရင် ထူးဆန်းတယ်၊ စိတ်ဝင်စားစရာလည်းကောင်းတယ်၊ ပျော်ရွှင်စရာလည်း ကောင်းတာပဲ'' ဟု မိမိတို့၏ မွန်ရိုးရာ မုန့်ဖက်ထုပ်ပွဲတော်အကြောင်းနှင့်ပတ်သက်၍ မိမိခံစားမှုကို တအံ့တသြပြောပြခဲ့ပါသည်။

ဘာဖြစ်လို့ တအိမ်နှင့်တအိမ် မုန့်လိုက်ပို့နေရတာလဲ ဆိုတာနှင့် ပတ်သက်၍ မိမိရွာထဲတွင် မိမိအိမ်၌ မုန့်အများဆုံးပို့ ခံရပြီး အသက်အရွယ်အကြီးဆုံးဖြစ်သည့် အဖွားဒေါ်မြရင်က ''အခုမုန့်လိုက်ပို့ကြတာ ရှေးခေတ်များစွာကတည်းက အဖွားတို့ မွန်ရိုးရာဖြစ်တယ်။ တစ်အိမ်နှင့်တစ်အိမ် မုန့်လိုက်ပို့ခြင်းဖြင့် မိတ်ဖွဲ့ကြတယ်၊ တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှုပြုတယ်၊ ရိုသေလေးစားမှုပြုတယ်၊ ရန်ဖြစ်မှုကိုဖြေရှင်းပေးတယ်၊ အလှူဒါနလည်း ဖြစ်တယ်၊ အကူအညီလဲ ရတယ်၊ ညီညွတ်မှုကိုလည်းဖြစ်စေတယ်၊ ပျော်ရွှင်မှုကိုဖြစ်စေတယ်၊ ဗုဒ္ဓသာသနာတော်ကို အဓွန့်ရှည်စေပါတယ်၊ သာသနာတော်ကို အထောက်အကူပြုတယ်''ဟု ရှင်းပြခဲ့ပါသည်။

ယခုလို မုန့်လိုက်ပို့သည့်နေရာမှာ မွန်တို့သည် သက်ကြီးရွယ်အိုအိမ်များတွင် အသက်ကြီးသူများကို ရိုသေသောအနေဖြင့် ဦးစားပေးမုန့်လိုက်ပို့သည့်အတွက်ကြောင့် သက်ကြီးရွယ်အိုအိမ်တွင် ကလေးများ စုရုံးနေကြပါသည်။

အသက် ၁၂ နှစ်အရွယ် ဇီးကွက် သနပ်ခါးလိမ်းထားတဲ့ သမီးကလေး မိကျဲယဉ်က''သမီးအဖွားအိမ်မှာ နေပျော်တယ်။ အဖွားအိမ်မှာ မုန့်ဖက်ထုပ် အများကြီးရှိတယ်။ ဖွားဖွားက သမီးကို ကိုကိုတို့လို မုန့်အများကြီးပေးတယ်။ စားလို့မကုန်ဘူး စားလို့မနိုင်ဘူး ဗိုက်ပြည့်တယ်၊ မုန့်လည်း အများကြီးကျန်သေးတယ်'' လို့ မိမိ၏ အနီးအနားအိမ်မှ သူ့ရဲ့ ကစားဖက်များနှင့်အတူ ယယ်သံတိုးတိုးကလေး ခေါင်ခါရင်းနှင့် မိမိမုန့်မစားနိုင်သည့်အကြောင်းကို ပြောနေခဲ့ပါသည်။

မွန်တို့ရိုးရာ မုန့်ဖက်ထုပ်ပွဲတော်ကို နှစ်တိုင်း ဝါဆိုလပြည့်တွင် ပြုလုပ်ကြပါသည်။ မုန့်ဖက်ထုပ်ကို အိမ်တိုင်းလိုလို လုပ်ကြပြီး၊ များသောအားဖြင့် ဝါဆိုလပြည်နေ့တွင် ပြုလုပ်ကြပါသည်။ တချို့လူများကလည်း မုန့်ဖက်ထုပ်ကို ဝါဆိုလပြည့်မတိုင်မီတွင်လည်း ပြုလုပ်ကြပါသည်။

တဆက်တည်းမှာပင် ဝါဆိုလပြည့် မုန့်ဖက်ထုပ်လုပ်ပြီးလျှင် မွန်ရဟန်းသံဃာတော်များသည်လည်း ဒီကနေ့ ဝါဆိုလပြည့်ကျော်တစ်ရက်နေ့မှာ ဗုဒ္ဓသာသနာတော်၏ ဓလေ့ထုံးစံအရ ဝါဝင်ကြပါသည်။